Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၁ ရက်၊ ၂၀၂၄ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ ဇူလိုင် ၁ ရက် – ဇူလိုင်လ ၂၈ ရက်နေ့ထိ၊၂၀၂၄ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇွန်လ ၃၀ ရက်၊ ၂၀၂၄ | ဇူလိုင် ၁ – ဇူလိုင် ၂၈ ရက်၊ ၂၀၂၄ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၅၄၃ | | ၅၄၃ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၇၄ | | ၃၇၄ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၆၃၃ | | ၆၃၃ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၄၈၅ | ၆၀ | ၁၅၄၅ |
| | ဒီးမော့ဆိုမြို့နယ် | ၆၄၅ | | ၆၄၅ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၅၀၅ | | ၅၀၅ |
| | ဖရူဆိုမြို့နယ် | ၁၅၁ | | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၃၈ | | ၁၃၈ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇွန်လ ၃၀ ရက်နေ့ အထိ ၂၀၂၄ | IDPs အသစ် ဇူလိုင်လ ၁–၂၈ ရက်၊ ၂၀၂၄ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မေလ၂၀ရက်မှ ဇူလိုင်လ ၁၂ရက်နေ့ထိ၊၂၀၂၄ ခုနှစ်



စစ်ကောင်စီမှ မိုးဗြဲရေကာတာအား ရေလွှတ်ချခြင်းကြောင့် ၁၅၀၀ ဦး ရေဘေးဒုက္ခရောက်

ဇူလိုင်လအတွင်း စစ်ကောင်စီတပ်များနှင့် တော်လှန်ရေးတပ်များအကြား လွိုင်ကော်နှင့် ဖားဆောင်းတို့တွင် တိုက်ပွဲများ ပြင်းထန်ခဲ့သည်။ ဇူလိုင်လ ၂၅ ရက်နေ့တွင် စစ်ကောင်စီတပ်များမှ လက်တုံ့ပြန်သည့်အနေဖြင့် မိုးဗြဲရေကာတာအား တမင်တကာ ရေလွှတ်ချလိုက်ကာ ရေကာတာအောက်ဘက်တွင် ရှိသော ရွာသူ၊သား ၁၅၀၀ ဦးကျော် အိုးအိမ်များ ပျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၄ ရက်၊ လွိုင်ကော်မြို့ပေါ်ရပ်ကွက်အတွင်း နမ့်ဘော၀မ်၊ ကြည်သာယာနှင့် မိုင်းလုံးရပ်ကွက်အတွင်းသို့ စစ်ကြောင်းထိုး ၀င်ရောက်လာသော စစ်ကောင်စီတပ်များအား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ နံနက် ၅ နာရီအချိန်တွင် ၀င်ရောက်တိုက်ခိုက်ခဲ့သည်။ ဇူလိုင်လအတွင်း တိုက်ပွဲများဆက်လက် ပြင်းထန်ခဲ့သည်။ စစ်ကောင်စီတပ်များသည် လက်တုံ့ပြန်သည့်အနေဖြင့် လက်နက်ကြီးများပစ်ခတ်ခြင်း နေအိမ်များ မီးရှို့ခြင်းကြောင့် လွိုင်ကော်မြို့တွင် နေအိမ်အလုံး ၆၀ ကျော် ပျက်စီးသွားခဲ့သည်။

ဇူလိုင်လ ၁၁ ရက်၊ ဖားဆောင်းမြို့တွင် အခြစိုက်သော စစ်ကောင်စီတပ် ခလရ ၁၃၄ တပ်အား ကရင်နီပူးပေါင်းတပ်ဖွဲ့များမှ ၀င်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း နှစ်ဦးနှစ်ဘက် ထိခိုက်ကျဆုံးများ ရှိသည်။ တိုက်ပွဲပြင်းထန်နေသော ဖားဆောင်းမြို့တွင် စစ်ကောင်စီတပ်များမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခဲ့၍ ဗုံးကြဲတိုက်ခိုက်မှုနှင့် နီးစပ်သည့် ကရင်နီရဲဘော်များသည် မူးဝေပြီး ပျို့အန်ခြင်းများကြောင့် ဓါတုဗုံးများပါ အသုံးပြုတိုက်ခိုက်ခဲ့ပုံရသည်။

ဇူလိုင်လ ၂၄ ရက်၊ ဖရူဆိုမြို့နယ် အခြေစိုက် စစ်ကောင်စီတပ် အမှတ် ၁၄ တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်းမှ အင်အား ၅၀ ဦးဖြင့် ဖရူဆိုမြို့နယ်အတွင်းသို့ စစ်ကြောင်းထိုးလာပြီး စစ်ကြောင်းထိုးနေစဉ် ပြည်သူလူထု၏ နွား ၁၀ ကောင်အား ပစ်ခတ်သတ်စားသွားခဲ့သည်။

ဇူလိုင်လ ၂၅ ရက်၊ မိုးဗြဲအခြေစိုက် ခမရ ၄၂၂ တပ်မှ နံနက်အစောပိုင်းအချိန်တွင် မိုးဗြဲရေကာတာ တံခါးဖွင့်ချခြင်းကြောင့် ရေအမြင့်ပေ ၈ ပေခန့်တက်လာကာ ဘီလူးချောင်းနံဘေးတွင် နေထိုင်ကြသော ဒေသခံများနှင့် စစ်ဘေးရှောင်များ နေရာရွှေ့ပြောင်းနေကြရပြီး လူဦးရေ ၁၅၀၀ ဦးအတွက် အရေးပေါ်အကူအညီများ လိုအပ်လျှက်ရှိသည်။ မိုးဗြဲ၊ ဝါရီဆူးပလိုင်၊ ပီကင်းကောခူ၊ ဘုရားဖြူ၊ ဘုရားနီ ကျေးရွာက စပါးခင်း ဧက ၁၀၀၀ ခန့် ရေနှစ်မြုပ်သွားကြောင်း IEC က ထုတ်ပြန်ထားသည်။

**ontact persons:**
Khu Ko Reh Tel: +66 65 329 7814

Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com